# Minutes of Myanmar Language Information Management Network Meeting
*29th March 2023, 2PM MMT, online via Zoom*

## Agenda

1. IM Products of Food Security Cluster- *Presented by FSC/WFP*
2. Updates on the MIMU 5W Data Collection & Products - *Presented by MIMU*
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: AMDA Myanmar, ARC, Association of Medical Doctors of Asia, CAM, CBCHP, Cesvi, HAI, HALO, KWEG, MAG, MC, MEDG, MHAA, MIMU, MSU, NAG, NRC, Nyein, SHCDO, SWISSAID Myanmar, JOICFP, UNHCR, UNICEF, WFP, WVM, YFS (33 participants from 26 organisations)

## 1. IM Products of Food Security Cluster – *Presented by FSC/WFP*

Food Security Cluster ၏ Information Management နှင့် ပတ်သတ်သော ထုတ်ကုန်များကို UNWFP မှ ဆရာ ဦးအောင်ကိုလတ်မှ ရှင်းလင်း ပြောကြားပေးခဲ့ပါသည်။ Food Security Cluster မှာ UN Cluster တစ်ခုအနေဖြင့် Programme Food Security Cluster Team မှ အဓိက ဦးဆောင်ပြီး UNWFP နှင့် UNFAO မှ တွဲဖက်အနေဖြင့် ဦးဆောင်ပါသည်။ Food Security Cluster ၏ အဓိက လုပ်ဆောင်ချက်မှာ Response များနှင့် ပတ်သတ်ပြီး Coordination နှင့် Advocacy အတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။
လစဉ် 5W မှ ရရှိလာသော IM Products များကို Food Security Cluster Myanmar Page (https://fscluster.org/myanmar) တွင် တင်ပြီး သက်ဆိုင်ရာ cluster member များကို email မှ တဆင့် ဖြန့်ဝေပါသည်။ FSC Response Snapshot ကို pdf version အနေဖြင့် ထုတ်ထားပြီး Needs and Gaps များကို focus ထားကြောင်းနှင့် ပါဝင်သော အကြောင်းအရာများကို အသေးစိတ် ရှင်းပြပါသည်။ IM Product များအနေဖြင့် Gap Analysis ကို quarterly ထုတ်ပြီး strategic objective 1,2,3 ကို အဓိက focus ထားပါသည်။ Partners' Presence Map ကို PDF version အနေဖြင့် quarterly ထုတ်ပါသည်။ FSC Response Snap Shot မှ သက်ဆိုင်ရာ Hub အလိုက် အနေဖြင့်လဲ မိမိစိတ်ဝင်စားရာကို download လုပ်လို့ရနိုင်ပါသည်။ Interactive Dashboard ဖြစ်သော Power BI Dashboard ကို Food Security Cluster Myanmar Website ၏ ညာဖက်ထောင့် Links များထဲတွင် Humanitarian Actor နှင့် Development Actor အနေဖြင့် လေ့လာနိုင်ပါသည်။ Humanitarian Actor Dashboard တွင် Gap Analysis တွင် ပါဝင်သော Information အားလုံး အသေးစိတ်ပါဝင်ပြီး စာမျက်နှာ ၈ ခု ခွဲခြားထားပါသည်။ partners' Presence, Monthly Response, Unique Beneficiaries, Gap Analysis – Overall Figure, Gap Analysis – Strategic Objective 1,2,3 နှင့် Maps of beneficiaries vs HRP Target 2022 တို့ ပါဝင်ပြီး အသေးစိတ်တစ်မျက်နှာချင်းစီ ရှင်းပြခဲ့ပါသည်။ Development Actor Dashboard တွင် Development Action အောက်တွင်လုပ်သော လှုပ်ရှားမှုများကို ထည့်သွင်းထားပြီး Partners' Presence, Monthly Response နှင့် Unique Beneficiaries Dashboard အနေဖြင့် စာမျက်နှာများ ခွဲခြား လေ့လာနိုင်ပါသည်။ ၂၀၂၃ တွင် Dashboards များကို Power BI အစား Tableau ဖြင့် ပြောင်းလဲရန်

ပြင်ဆင်ထားပါသည်။ လက်ရှိတွင် 5W Data များ ကောက်ခံနေပြီး Quarter 1 ပြီးပါက Quarter 1 Dashboard ကို လေ့လာနိုင်မည် ဖြစ်သည်။ ပြီးခဲ့သော ၂၀၂၂ Dashboard များကိုလဲ Links တွင် လေ့လာနိုင်ပါသည်။ လစဉ် Quarterly 5W Report များကို Narrative အနေဖြင့် pdf version၊ html version တို့ဖြင့် လေ့လာနိုင်ပြီး အသေးစိတ်ကို ရှင်းလင်းပြောပြခဲ့ပါသည်။ Food Security Cluster Myanmar website အနေဖြင့် webpage ကို manage လုပ်ရ ခက်ခဲသော အခြေအနေကြောင့် Myanmar Food Security Cluter Website (https://fscmm.github.io) ကို သီးသန့် ဖန်တီးထားပြီး repository အားလုံးကို သွားရောက်လေ့လာနိုင်ပါသည်။

Food Security Cluster Website - https://fscluster.org/myanmar , https://fscmm.github.io

## 2. Updates on the MIMU 5W Data Collection & Products - *Presented by (MIMU)*

ဆက်လက်ပြီး MIMU မှ ဆရာမ ဒေါ်အိအိသိန်းမှ MIMU 5W Data ကောက်ယူမှုနှင့် ထုတ်ကုန်များအကြောင်း ရှင်းလင်းပြောပြခဲ့ပါသည်။ 5W Data ကို ဖေဖော်ဝါရီလတွင် မတ်လ ၁၄ deadline ဖြင့်စတင်ကောက်ယူခဲ့ပြီး ထိုဒေတာများမှ ထွက်ရှိလာမည့် ထုတ်ကုန်များအကြောင်းကို ရှင်းလင်းပြောပြခဲ့ပါသည်။ လက်ရှိအပတ်စဉ်တွင် ယနေ့အထိ 5W information ပေးသော အဖွဲ့ပေါင်း ၂၂၉ ဖွဲ့ရှိပြီး ယခင် အပတ်စဉ်ထက် ၄ ဖွဲ့တိုးလာပါသည်။ ၃ ပတ် deadline အတွင်း ၁၉၂ ဖွဲ့ ပေးပို့ခဲ့ပြီး ကျန် ၃၇ ဖွဲ့မှာ deadline ကျော်မှ ပေးပို့ခြင်း ဖြစ်ပါသည်။ 5W ကောက်ယူရာတွင် 5W Data Entry Form ကို ဖြည့်ရလွယ်ကူစေရန် support session ၅ ခုကို virtual sessions များအနေဖြင့် လုပ်ပေးခဲ့ပါသည်။ 5W Data ကောက်ယူရာတွင် Data Protection Measures ကို သုံးပြီး Open၊ Restricted အနေဖြင့် ခွဲခြားကောက်ယူပါသည်။ Open Data ကို 5W ပေးသော အဖွဲ့အစည်းများ၊ inter-agency sectors/clusters coordinator များကို limited distribution အနေဖြင့် share ပြီး Restricted Data ကို အခြားအဖွဲ့များကို လုံးဝ ဖြန့်ဝေခြင်း မလုပ်ပဲ confidential data အဖြစ် သိမ်းပါသည်။ လက်ရှိအပတ်စဉ်တွင် ၅၆% မှာ Open Data ဖြစ်ပြီး ၄၄% မှာ Restricted Data ဖြစ်ပါသည်။ Open Data မှ အချက်အလက်များကိုသာ share လုပ်သောကြောင့် ၎င်းအပေါ်တွင် ထပ်မံ analysis လုပ်မည်ဆိုပါက 5W data အားလုံးပေါ်တွင် ကိုယ်စားပြုနိုင်မည့် ကိန်းဂဏန်းကို မရရှိနိုင်ပါ။ ကိန်းဂဏာန်းအပေါ်တွင် data analysis လုပ်ဖို့ လိုပါက 5W Overview Dashboard, Village Tract Dashboard တို့မှ ရယူသုံးနိုင်ပါသည်။ အခြားသော analysis ပုံစံပြုလုပ်ခြင်းဖြင့် ကိန်းဂဏာန်းအချက်အလက်များ ရယူလိုပါက MIMU ကို ဆက်သွယ်တောင်းခံနိုင်ပါသည်။ 5W Data ကို ရွာ၊ Camp level များအထိ data collect လုပ်ပြီး Data Row အားဖြင့် တစ်သိန်းခွဲကျော်လောက်ရှိကာ data cleaning ကို လုပ်ဆောင်နေဆဲဖြစ်သည်။ WHERE, WHEN, WHO, WHAT, WHOM session များတွင် data cleaning လုပ်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် မည်သို့အချိန်ယူသည်ကို ဆက်လက်ရှင်းပြခဲ့ပါသည်။ ဆက်လက်ပြီး လက်ရှိအပတ်စဉ်တွင် ပြောင်းလဲထားသော ထုတ်ကုန်များ အကြောင်းကို ပြောပြခဲ့ပါသည်။ ယခင် အပတ်စဉ်မှစပြီး one pager များ မထွက်ထားဘဲ one pager dashboard ကို ယခု ဖန်တီးထားပါသည်။ ၎င်းကို IM Network Meeting တွင် pilot version အနေဖြင့် အကြံဉာဏ်များပေးနိုင်စေရန် ပြသပေးပါမည်။ Overview Report အနေဖြင့်လဲ ယခင်အပတ်စဉ်မှစပြီး မထွက်ထားဘဲ Overview Dashboard အနေဖြင့် ပြောင်းလဲထားပါသည်။ 5W Village Tract Dashboard ကို ယခင်က Tableau နှင့် ပြုလုပ်ပြီး ယခု Power BI အနေဖြင့် ပြောင်းလဲလုပ်ထားပါသည်။ Static Map များကို ဆက်လက်ထုတ်ဝေမည်ဖြစ်သည်။ ၎င်းမြေပုံများကို website တွင် download လုပ်သော အရေအတွက်ကို ပြန်လည် analysis လုပ်ကြည့်သောအခါ State/Region Map များကို Sector Maps များထက် download အရေအတွက် သိသာစွာ များပြီး ယခု အပတ်စဉ်တွင် State/Region Map များကို

ဦးစားပေး ထုတ်လုပ်မည် ဖြစ်ပါသည်။ Sector Map ကို ၁၃ ခု ထုတ်မည်ဖြစ်ပြီး Download အရေအတွက်များသော sector များကို ဦးစားပေး ထုတ်မည် ဖြစ်ပါသည်။ ပြီးခဲ့သော ၂၀၂၂ ဩဂုတ်လ အပတ်စဉ်တွင် Comparison Analysis Report၊ Dashboard များ၊ Project Focus Map များ၊ Static Map များ၊ Data အနေဖြင့် Open Data ကို limited distribution အနေဖြင့် Share ပါသည်။ လက်ရှိအပတ်စဉ်တွင် Comparison Analysis Report ကို မည်သို့နှိုင်းယှဉ်မည်ကို ကြည့်ရှုပြင်ဆင်နေဆဲဖြစ်သည်။ Dashboard များအားလုံး ထွက်ရှိမှာဖြစ်ပြီး One Pager Dashboard ကို Overview Dashboard တွင် ထည့်သွင်းပေးမည်ဖြစ်သည်။ Project Focus Map များလဲ ထွက်ရှိမည် ဖြစ်ပြီး Static Map အနေဖြင့် State/Region Map များကို ပုံမှန်ထုတ်ဝေမည်ဖြစ်ပြီး Sector Map များကို အချို့ Sector များကို လျှော့ချမည် ဖြစ်သည်။ 5W Products တွင် ပါဝင်လိုပါက 5W Maps & Report Page တွင် Reference Guideline များကို ဖတ်ပြီး 5W Entry Forms ဖြင့် ပါဝင်နိုင်ပါသည်။ 5W Data ကောက်ယူချိန်တွင်ပင် မဟုတ်ဘဲ 5W Entry Form ကို အချိန်မရွေးဖြည့်ထားပေးပို့နိုင်သော်လည်း MIMU 5W product များကိုတော့ ၆ လ တစ်ကြိမ်သာ update လုပ်မည်ဖြစ်ပါသည်။ Data Request များ လုပ်လိုပါက About Us အောက်မှ Maps & Data Requests မှ တဆင့် form ဖြည့် တောင်းယူနိုင်ပါသည်။ 5W data သည် sensitive ဖြစ်သောကြောင့် တောင်းယူသူ email မှာ organizational email ဖြစ်ရပါမည်။ ယခင်က data များကို website ပေါ်တွင် public ထားပြီး ယခုအခါ Data ဖြန့်ဝေမှုများ ကန့်သတ်ထားသောကြောင့် Organisation Email Address နှင့်သာ လက်ခံပါမည်။ ဆက်လက်ပြီး ဆရာမမှ 5W Overview Dashboard နှင့် One Pager Overview တို့ကို အသေးစိတ် ရှင်းလင်းပြောပြခဲ့ပါသည်။

5W Page – https://themimu.info/5w-maps-and-reports

## 3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**WASH/Nutrition Cluster။** WASH Cluster အနေဖြင့် monthly 3W collect လုပ်နေပါသည်။ new displacement response များရှိသော North West နှင့် South East အဓိက ရခိုင်တွင် monthly data collection လုပ်နေပါသည်။ ပုံမှန်အနေဖြင့် data collection များ ပြုလုပ်ပြီး monthly dashboard များ update ပြုလုပ်ပေးနေပါသည်။ Quarterly အနေဖြင့် ရခိုင်၊ ကချင်၊ ရှမ်းမြောက်တွင် 4W Data ကို သင်္ကြန်အပြီးတွင် HRP Quarter 1 Report ရှိသောကြောင့် သင်္ကြန်မတိုင်မီရရှိစေရန် စတင်ကောက်ယူနေပါသည်။

Nutrition Cluster အနေဖြင့် monthly 3W collect လုပ်နေပါသည်။ 4W Data လဲ ကောက်ယူနေပြီး တစ်နှစ်ကို နှစ်ကြိမ်ကောက်ယူပါသည်။ Nutrition တွင် HRP Target နှင့် Reach အပေါ် မူတည်ပြီး mapping အနေဖြင့် activities အလိုက် state/region အလိုက် Gap Analysis Mapping များ ထုတ်နေပါသည်။ WASH Cluster အနေဖြင့် MIMU Website တွင် WASH Cluster Web Page ရှိပြီး Nutrition ကိုလဲ စတင် လုပ်ဆောင်နေပါသည်။ Monthly Dashboard များ၊ Mapping များကဲ့သို့သော public information များကို စတင် upload လုပ်နေပါသည်။

**Food Security Cluster။** FSC အနေဖြင့် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ ရီပို့များကို collect လုပ်ထားပြီး Quarter 1 ကုန်တော့မှာ ဖြစ်သောကြောင့် Q1 နှင့် ပေါင်းပြီး Analysis များကို ထုတ်ရန် ရှိပါသည်။ HRP Report အတွက် Quarter 1 5W ကို collect လုပ်နေပြီး အေပရယ် လကုန်လောက်တွင် HRP internal report ထွက်ဖို့ ရှိပါသည်။
Food Security Cluster Website - https://fscluster.org/myanmar

**Mercy Corps။** Environmental နှင့် ပတ်သတ်ပြီး Research လုပ်ထားသည်များရှိပါသည်။ Share လို့ရပါက share ပေးမည် ဖြစ်ပါသည်။

**MIMU။** MMIU 5W ထွက်ရှိမည်ဖြစ်ပြီး Pcode လဲ update လုပ်ရန် ရှိပါသည်။ ၂၀၂၂ အောက်တိုဘာလ တွင် ပြုလုပ်ခဲ့သော MIMU Village Mapping exercise တွင် ရရှိလာသော ရလဒ်များကို အခြားအဖွဲ့အစည်းများလဲ သုံးလို့ရစေရန် Pcode ကို update လုပ်ပြီး version အသစ်တစ်ခုအနေဖြင့် sharing လုပ်မည် ဖြစ်သည်။ အဓိက update များမှာ village location များ ဖြစ်ပြီး ထောင်ဂဏာန်းခန့်ရှိပါသည်။ ၎င်းတွင် ရွာအသစ် ၁၀၀ ခန့်ရှိပြီး ၎င်း pcode version အသစ်သည် အေပရယ်လကုန်ခန့်တွင် ထွက်ရှိမည် ဖြစ်သည်။ သင်တန်းအနေဖြင့် QGIS Intermediate Couse ကို ဇွန်လခန့်တွင် ဖွင့်ရန် ရှိပါမည်။ Information Network Workshop ကို ဇွန်/ဇူလိုင်တွင် ထပ်မံပြုလုပ်မည်ဖြစ်ပြီး ယခင်အပတ်စဉ်တွင် လျှောက်ထားပြီး တက်ရောက်ခွင့် ကျန်ခဲ့သူများကို ဦးစားပေးခေါ်ယူမည် ဖြစ်သည်။ မေလတွင် Assessment Tracking Data နှင့် Dashboard ကို Update ပြုလုပ်ရန်လဲ ရှိပါမည်။

## 6. အခြားဆွေးနွေးမှုများ

နောက် တစ်ကြိမ် အစည်းအဝေး ကို မေလ ၃၁ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက မအိအိသိန်း၊ ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။